# Mindat University Students' Union

## ဝမ်းနည်းကြောင်း သဝဏ်လွှာ

ဇူလိုင်လ ၂၆ ရက်၊ ၂၀၂၁ ခုနှစ်

မင်းတပ်တက္ကသိုလ်ကျောင်းသားအဖွဲ့ (MUSU) တွင် ဒုဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသော ဆလိုင်းထန်းတိတ်မာန်သည် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အာဏာသိမ်းစစ်ကောင်စီနှင့် CDF-Mindat တို့တိုက်ပွဲအတွင်း မြင့်မြတ်စွာကျဆုံးသွားခဲ့ကြောင်း ကြားသိရပါသည်။

မင်းတပ်တက္ကသိုလ်ကျောင်းသားအဖွဲ့(MUSU) အနေဖြင့် ကျဆုံးသွားသော အာဇာနည်ရဲဘော် ဆလိုင်းထန်းတိတ်မာန်၏ ကျန်ရစ်သူမိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်း၊ မိတ်ဆွေသူငယ်ချင်းများအားလုံးနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မင်းတပ်တက္ကသိုလ်ကျောင်းသားအဖွဲ့ (MUSU) အပေါ်ထားရှိသော စိတ်ဓာတ်၊ စေတနာနှင့် ကိုယ်ကျိုးစွန့်လုပ်ဆောင်မှုများအပေါ်တွင်လည်းကောင်း၊ ပြည်သူဖက်ကရပ်တည်ပြီး မတရားမှုကို ရဲရဲဝံ့ဝံ့ ဆန့်ကျင်တော်လှန်ခဲ့သည့်အပေါ်တွင်လည်းကောင်း၊ လေးစားဂုဏ်ယူလျက် အစဉ်သတိရအောက်မေ့နေမည်ဖြစ်သည်။

တရားမျှတမှုအတွက် အာဏာရှင်ကိုအသက်နှင့်ရင်းပြီးဆန့်ကျင်တော်လှန်ခဲ့သော တော်လှန်ရေးအာဇာနည်တစ်ဦးအဖြစ် အသိအမှတ်ပြုကြောင်းနှင့် မပြီးဆုံးသေးသော အာဏာရှင်ဟူသမျှကျဆုံးရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ဂတိပြုပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**မင်းတပ်တက္ကသိုလ်ကျောင်းသားအဖွဲ့**